**Global World Insurance CO., LTD.**
No. (62), Bahosi Development, Wadan Street, Lamadaw Township, Yangon, Myanmar.
T: 01-2302508~9
Hotline Ph: 09 33087771
Call Center: (95-1) 9670777
F: (95-1) 2302507

**Press Release**

# Global World Insurance (GWI) ၏ (၇) နှစ်ပြည့်အထိမ်းအမှတ်ဝမ်းမြောက်ဂုဏ်ယူ

- **GWI သည် မြန်မာနိုင်ငံရှိ စိုက်ပျိုးရေး ကဏ္ဍအတွက် သီးနှံအာမခံကို မိတ်ဆက်ပေးနိုင်ခဲ့**
- **ဝန်ဆောင်မှုများကို တီထွင်ဆန်းသစ်ကာ ဒီဂျစ်တယ်လ် နည်းပညာများဖြင့် ပြောင်းလဲမှုများကို လိုက်လျောညီထွေဖြစ်အောင်ကြိုးပမ်း**

**ရန်ကုန်၊ စက်တင်ဘာလ ၂၄ ရက်၊ ၂၀၂၀ ခုနှစ် -** ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင် စတင်တည်ထောင်ပြီး အထွေထွေအာမခံ နှင့် အသက်အာမခံအမျိုးအစားတို့ကိုသာ ဝန်ဆောင်မှုများဖြင့်စတင်ခဲ့သော GWI သည် ယခု ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ တွင် (၇) နှစ်တိုင်တိုင် ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ GWI ၏ ကနဦးရုံးချုပ်ကို ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့တွင် သိမ်ဖြူလမ်း၊ ပုဇွန်တောင်မြို့နယ်ရှိ ယခင်ကျန်းမာရေးဝန်ကြီးဌာနဟောင်း၌ ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပါသည်။

ကနဦးတည်ထောင်ချိန်တွင် ဝန်ထမ်းပေါင်း ၇၀ ခန့်ဖြင့် စတင်ကာ အသက်အာမခံ၊ ကားအာမခံ၊ မီးအာမခံ၊ ငွေသားလုံခြုံမှုအာမခံ၊ ငွေပို့ငွေသယ်အာမခံ၊ သမာဓိအာမခံစသည့် အာမခံ ၆ မျိုးကိုသာ ဝန်ဆောင်မှုပေးနိုင်ခဲ့သော **GWI** သည် ကုန်လွန်ခဲ့သည့် (၇)နှစ်တာကာလအတွင်း သိသိသာသာ လျင်လျင်မြန်မြန်ဖွံ့ဖြိုးတိုးတက်လာခဲ့ကာ လက်ရှိတွင် အာမခံအမျိုးအစားအသီးသီး၌ ကျွမ်းကျင်နှံ့စပ်သော ပညာရှင်များအပါအဝင် ဝန်ထမ်းပေါင်း ၂၅၈ ဦး နှင့် အာမခံကိုယ်စားလှယ် ၈၀၀ ခန့်တို့ဖြင့် နိုင်ငံတဝှမ်းရှိရုံးခွဲများတွင် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

**Global World Insurance CO., LTD.**
No. (62), Bahosi Development, Wadan Street, Lamadaw Township, Yangon, Myanmar.
T: 01-2302508~9
Hotline Ph: 09 33087771
Call Center: (95-1) 9670777
F: (95-1) 2302507



ပုံ - ဝန်ထမ်းများနှင့် စီမံခန့်ခွဲမှုအဖွဲ့ဝင်တို့၏ မှတ်တမ်းတင်ဓာတ်ပုံ

GWI သည် ပြည်သူများ အာမခံနှင့်ပတ်သက်သည့် အခြေခံဗဟုသုတများရရှိစေရန်အလို့ငှာ အာမခံအသိပညာပေး ဓာတ်လမ်းတိုများကို မြန်မာ့အသံ၊ ရေဒီယို နှင့် သတင်းဂျာနယ်များတွင် အလျဉ်းသင့်သလို ထည့်သွင်းဖော်ပြခြင်းများအပြင် အာမခံစကားပိုင်းများ နှင့် အာမခံပညာဆိုင်ရာဟောပြောပွဲများကိုလည်း ကျင်းပပြုလုပ်ကာ အသိပညာဖြန့်ဝေနိုင်ခဲ့ပါသည်။ထို့အပြင် ပြည်တွင်းရှိ ကျွမ်းကျင်ပညာရှင်များအားဖိတ်ခေါ်ပြီး သင်တန်းပို့ချခြင်း၊ ပြည်ပသို့သွားရောက်ပြီး အာမခံဆိုင်ရာရက်တိုသင်တန်းများ၊ ပညာရပ်နှီးနှောဖလှယ်ပွဲများတက်ရောက်စေခြင်းဖြင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကိုမြှင့်တင်ပေးကာ လက်ရှိအာမခံထားရှိသူများကိုသာမက အာမခံထားရှိရန် စိတ်ဝင်စားသူများ နှင့် အာမခံကိုယ်စားလှယ်များကို ပိုမိုကောင်းမွန်သောဝန်ဆောင်မှုများပေးနိုင်ပြီး အာမခံလုပ်ငန်းနယ်ပယ်တွင် ယခင်ကထက် ဈေးကွက်ပိုမိုရရှိနိုင်ရန် လုပ်ဆောင်လျက်ရှိပါသည်။

**Global World Insurance CO., LTD.**

No. (62), Bahosi Development, Wadan Street, Lamadaw Township, Yangon, Myanmar.
T: 01-2302508~9
Hotline Ph: 09 33087771
Call Center: (95-1) 9670777
F: (95-1) 2302507

## အာမခံဝန်ဆောင်မှုများချဲ့ထွင်ခြင်း

စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍသည် မြန်မာ့စီးပွားရေးအခန်းကဏ္ဍတွင် အရေးပါသောကဏ္ဍတစ်ရပ်ဖြစ်ပြီး မြန်မာနိုင်ငံသည် ကမ္ဘာ့အကြီးဆုံး ဆန်စပါးထုတ်လုပ်သည့်နိုင်ငံများတွင် ပါဝင်ပါသည်။

ရာသီဥတုပြောင်းလဲမှုနှင့် ဖောက်လွဲဖောက်ပြန်မှုများကြောင့် ဖြစ်ပေါ်လာသော သီးနှံပျက်စီးဆုံးရှုံးမှုသည် ထောင်ပေါင်းများစွာသော လယ်သမားများ၏အသက်မွေးဝမ်းကျောင်းဘဝကို ထိခိုက်ပျက်စီးစေပါသည်။ ၂၀၁၉ ခုနှစ်အတွင်း သီးနှံပျက်စီးဆုံးရှုံးမှုပေါင်း ဟက်တာ (၁၆၀၀၀) ကျော် ပျက်စီးခဲ့ပြီး ခန့်မှန်းခြေအားဖြင့် စိုက်ပျိုးမြေ ဧရိယာ ဟက်တာ (၇၂၈၀၀၀) ကျော် ရေလွှမ်းခြင်းခံခဲ့ရသည်။ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီး ဌာန၏ အဆိုအရ ၂၀၁၈ ခုနှစ်အတွင်း စိုက်ပျိုးမြေဧရိယာ ရေလွှမ်းမိုးမှု၏ ၁၀ ပုံ ၁ ပုံ သည် ဟက်တာ (၁၆၁၀၀၀) အထိ ရှိခဲ့သည်။ (ကိုးကားချက် - မြန်မာတိုင်းမ် နေ့စဉ်သတင်းစာ)

အဆိုပါ စိုက်ပျိုးရေးလုပ်ငန်းနယ်ပယ်ကို တစ်ဖက်တစ်လမ်းမှ ကူညီထောက်ပံ့ပေးနိုင်ရန် GWI သည် သီးနှံအာမခံကို၂၀၁၉ ခုနှစ်တွင် စတင်မိတ်ဆက်ခဲ့ပါသည်။ GWI သည် မြန်မာနိုင်ငံ၏ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ သီးနှံအာမခံစနစ်သစ် ရှေ့ပြေးစီမံကိန်းအတွက် ပထမဆုံးခွင့်ပြုချက်ချပေးခဲ့သော ပြည်တွင်းအာမခံလုပ်ငန်း ဝန်ဆောင်မှုဖြစ်သည်။

ထို့အပြင် GWI သည် ၎င်း၏ များပြား လာသော အာမခံဝန်ဆောင်မှု ဝယ်လိုအားများအရ အသက်အာမခံကုမ္ပဏီကို ၂၀၁၉ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် တိုးချဲ့ဖွင့်လှစ်ခဲ့သည်။ အဆိုပါ အာမခံဝန်ဆောင်မှုနယ်ပယ်အသစ်ကို စတင်မိတ်ဆက်ခဲ့ခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ကျန်းမာခြင်းကြောင့် လုံခြုံစိတ်ချရသော လူမှုနေထိုင်မှုဘဝပုံစံကို ပိုင်ဆိုင်နိုင်စေရန် အထောက်အပံ့တစ်ရပ်ဖြစ်စေခြင်း ဖြစ်သည်။

"COVID-19 ရောဂါကြောင့် အံ့ဝင်ခွင်ကျဖြစ်အောင် ပြောင်းလဲလိုက်ရတဲ့ လူနေမှုဘဝပုံစံ အလေ့အထတွေနဲ့အတူ ကျွန်တော်တို့ရဲ့ အာမခံဝန်ဆောင်မှုထုတ်ကုန်များကိုပါ ဆန်းသစ်ပြောင်းလဲလိုက်ရပါတယ်။ ဒီကူးစက်ရောဂါကြောင့် ကျန်းမာရေးအသိနဲ့သတိဟာ လူ့ဘောင်အဖွဲ့အစည်းအတွင်းမှာ ပိုမိုကျယ်ပြန့်လာပြီး အသက်အာမခံဝန်ဆောင်မှုအခန်းကဏ္ဍမှာ အရေးပါတဲ့ အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်လာပါတယ်။ GLI အနေနဲ့ လိုအပ်လာတဲ့ ကာကွယ်စောင့်ရှောက်မှု အစီအမံများနှင့်အညီ ပြောင်းလဲလာသော ဝယ်လိုအားများကို ဒီဂျစ်တယ်ဝန်ဆောင်မှုစနစ်အဖြစ် ပြည့်ပြည့်ဝဝ ပြောင်းလဲနိုင်အောင် ကြိုးပမ်းနေပါတယ်။ ပြိုင်ဆိုင်မှု များလာတဲ့ ပြည်တွင်းအာမခံဝန်ဆောင်မှု ဈေးကွက်အတွင်းမှာ ကျွန်တော်တို့လုပ်ငန်းအနေနဲ့ အာမခံဝန်ဆောင်မှု အသုံးပြုသူများနဲ့ ကိုယ်စားလှယ်များအတွက် ပိုမိုအဆင်ပြေချောမွေ့ပြီး မြန်ဆန်တဲ့ User Experience ကို ရရှိနိုင်အောင် ဒစ်ဂျစ်တယ်စနစ်သစ်နည်းပညာများနဲ့ ဝန်ဆောင်မှုပေးနိုင်ဖို့ အားထုတ်လျက်ရှိပါတယ်။" ဟု GWI နှင့် GLI ၏ မန်နေဂျင်းဒါရိုက်တာ ဖြစ်သူ ဦးစိုးဝင်းသန့်မှ ပြောကြားခဲ့သည်။

အေးရှားဝေါလ်ကုမ္ပဏီလုပ်ငန်းစု၏ ကုမ္ပဏီခွဲတစ်ခုဖြစ်သော GWI သည် မြန်မာနိုင်ငံ၏ အာမခံလုပ်ငန်းဈေးကွက်တွင် အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ရန်နှင့် အာမခံထားရှိသူများ ပိုမိုကောင်းမွန်သောအခြေအနေများရရှိနိုင်ရန် အစဉ်အမြဲကြိုးပမ်းလျက်ရှိပါသည်။ GWI နှင့်အတူ လက်တွဲပူးပေါင်းသူများ၏ အတူတကွအားထုတ်ကြိုးပမ်းမှုဖြင့် ၂၀၁၆ ခုနှစ်တွင် **ကျန်းမာရေးအာမခံရောင်းအားအကောင်းဆုံးဆု**၊ သီးနှံအာမခံစနစ်သစ် တစ်ခု တီထွင်နိုင်ခဲ့ခြင်းကြောင့် ၂၀၁၉ ခုနှစ်တွင် **အာမခံတီထွင်နိုင်မှုအထူးဆု** များကဲ့သို့ အောင်မြင်မှု ဆုတံဆိပ်များစွာကို ပိုင်ဆိုင်နိုင်ခဲ့ပါသည်။

- ကုမ္ပဏီနှင့်ပတ်သက်သောအသေးစိတ်အချက်အလက်များနှင့်အာမခံထုတ်ကုန်များအတွက် ကျွန်ုပ်တို့လုပ်ငန်း၏ တရားဝင် Facebook စာမျက်နှာကို ဤနေရာတွင်ကြည့်ရှုနိုင်ပါသည်။

- သတင်း နှင့် မီဒီယာ ကိစ္စရပ်များအတွက် Chris Lon – 0943125162 သို့ ဆက်သွယ်နိုင်ပါသည်။

**– END –**

## Global World Insurance CO., LTD.

No. (62), Bahosi Development, Wadan Street, Lamadaw Township, Yangon, Myanmar.
T: 01-2302508~9
Hotline Ph: 09 33087771
Call Center: (95-1) 9670777
F: (95-1) 2302507

# About Global World Insurance Company Limited (GWI)

***Protect your Assets and lives with Insurance***

Global World Insurance Company Limited (GWI) သည် မီးအာမခံ၊ မော်တော်ယာဉ်အာမခံ၊ အသက်အာမခံ၊ အထူးခရီးသွား အာမခံ၊ ကျန်းမာရေးအာမခံ၊ ကုန်စည်ပို့ဆောင်ရေးအာမခံ၊ ငွေပို့ငွေသယ်အာမခံ၊ ငွေသားလုံခြုံမှုအာမခံ၊ သီးနှံအာမခံစသည့် အာမခံအမျိုးမျိုးကို ဝန်ဆောင်မှုပေးလျက် ရှိပါသည်။

GWI သည် ကြိုတင်မခန့်မှန်းနိုင်သော ရာသီဥတုအခြေအနေဆိုးရွားမှုများကြောင့် ဖြစ်ပေါ်တတ်သော သီးနှံပျက်စီးဆုံးရှုံးမှု များကို ကာကွယ်ရန်အတွက် သီးနှံအာမခံကို မြန်မာနိုင်ငံတွင် ပထမဦးဆုံး စတင်အကောင်အထည်ဖော်ခဲ့သော အာမခံကုမ္ပဏီ ပင် ဖြစ်ပါသည်။

GWI ၏ ရည်မှန်းချက်မှာ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဝန်ဆောင်မှုများ၊ အာမခံ နှင့် လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေး ဆိုင်ရာ လုပ်ငန်းစဉ်များတွင် ဦးဆောင် ဆောင်ရွက်နိုင်ရန်ပင် ဖြစ်ပါသည်။